# မြန်မာနိုင်ငံသားများဘဏ်လီမိတက်
# (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီး
# ဖိတ်ခေါ်သည့် နို့တစ်စာ

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ (၇၆)နှင့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ သင်းဖွဲ့စည်းမျဉ်းပါ စည်းမျဉ်း (၄၇)၊ (၄၈)နှင့် (၄၉)တို့နှင့်အညီ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးကို အောက်ပါကိစ္စများ ဆောင်ရွက်ရန် အလို့ငှာ **၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၈)ရက် (စနေနေ့)၊ (၉း၀၀)နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း NOVOTEL YANGON MAX** ၌ ကျင်းပမည့် အစည်းအဝေး ဖိတ်ခေါ်သည့် နို့တစ်စာကို ပေးပို့အပ်ပါသည် -

(က) ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့အထိ ကာလအတွက် စာရင်းရှင်းတမ်းနှင့်တကွ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို တင်သွင်းခြင်း။

( ခ ) ဘဏ်၏ စာရင်းများကို စစ်ဆေးခဲ့သော စာရင်းစစ် ဦးမောင်မောင်အောင်၊ (ဦးလှထွန်းနှင့် အဖွဲ့လီမိတက်)၏ စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားခြင်း။

( ဂ ) အမြတ်ဝေစုများကို ကြေညာခြင်း။

(ဃ) အစုရှယ်ယာရှင် ဒါရိုက်တာများ နှုတ်ထွက်ကြောင်း ကြေညာခြင်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြန်လည်ရွေးကောက် တင်မြှောက်ခြင်း။

( င ) ပြင်ပစာရင်းစစ် ခန့်အပ်ခြင်း။

ညွှန်ကြားချက်အရ

( မြင့်ဝင်း )
အုပ်ချုပ်မှုဒါရိုက်တာ

စာအမှတ်၊ စမ - ၃ (၂၀၁၇)
ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ( )ရက်

မှတ်ချက်။ ( ၁ ) အစုရှယ်ယာမှတ်ပုံတင်စာရင်းစာအုပ်နှင့် အစုရှယ်ယာများ လွှဲပြောင်းခြင်း မှတ်ပုံတင်စာအုပ်ကို **YSX ၏ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံး လုပ်နည်း သတ်မှတ်ချက်အတိုင်း** ပိတ်ထားမည် ဖြစ်ပါသည်။

( ၂ ) သင်းဖွဲ့စည်းမျဉ်း၏ စည်းမျဉ်း (၆၈)အရ အစည်းအဝေးတက်ရောက်၍ မဲပေးနိုင်ခွင့်ရှိသည့် အစုရှယ်ယာရှင်တစ်ဦးသည် မိမိ၏ ကိုယ်စား အစည်းအဝေးသို့ တက်ရောက်မဲပေးရန် အစုရှယ်ယာ ပိုင်ဆိုင်ထားသူတစ်ဦးအား ကိုယ်စားခန့်ထားနိုင်ခွင့် ရှိပါသည်။ အလွယ်တကူ တာဝန်ပေးခန့်အပ်နိုင်ရန် ပုဂ္ဂိုလ်တစ်ချို့၏ စာရင်းကို ပူးတွဲပေးပို့ပါသည်။

( ၃ ) မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ ပထမစာရင်းဇယား (က)၏ စည်းမျဉ်း (၆၆)နှင့် (၆၇)တို့နှင့်အညီ ကိုယ်စားခန့်စာ ပုံစံကို ပူးတွဲပေးပို့ပါသည်။ ကိုယ်စားခန့်စာကို -

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊ အမှတ်(၃၈၃)၊မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့သို့ **၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ( ၃ )ရက်နေ့၊ (၁၆း၃၀)နာရီ** နောက်ဆုံးထား အရောက်တင်သွင်းပြီး ဖြစ်ရပါမည်။

( ၄ ) လိုအပ်သလို ဖတ်ရှုလေ့လာ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ ပူးတွဲပေးပို့အပ်ပါသည်။

( ၅ ) ဤဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၅၇)အရ (၂၅)ကြိမ်မြောက် အထွေထွေ အစည်းအဝေးကြီးကျင်းပရန် သတ်မှတ်ထားသည့်အချိန်၌ အစည်းအဝေး ထမြောက်ရမည့် အစုရှယ်ယာရှင်ဦးရေ မပြည့်ပါက မိနစ် (၃၀)သာ စောင့်ဆိုင်းပြီး၊ ထိုအချိန်အထိလည်း အစည်းအဝေး ထမြောက်ရမည့် အစုရှယ်ယာဦးရေ မပြည့်လျှင် အစည်းအဝေးကို တူညီသောနေ့၊ တူညီသောအချိန်၊ တူညီသော နေရာ၌ပင် နောက်ထပ် ရက်သတ္တပတ်သို့ ရွှေ့ဆိုင်းရမည်ဖြစ်ပါ၍ ကိုယ်စား မဲပေးသူအဖြစ် ခန့်အပ်ခံရသော အစုရှယ်ယာရှင်များ **အချိန်မီ ကြွရောက်ပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

( ၆ ) ဘဏ်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မေးမြန်းလိုသည့် ကိစ္စရပ်များရှိပါက **၃ - ၇ - ၂၀၁၇ ရက်နေ့၊ (၁၆း၀၀)နာရီ** နောက်ဆုံးထား၍ အတွင်းရေးမှူးထံ မေးခွန်းလွှာများ ပေးပို့ရန် ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**
**ကိုယ်စားခန့်စာ ပုံစံ**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာရှင် တစ်ဦးဖြစ်သူ ကျွန်ုပ် ဦး/ ဒေါ် ----------------------------------၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် -------------------------------------------၊ နေရပ်လိပ်စာ ------------------------------------------------------------------------------------------ သည် အောက်တွင် ဖော်ပြထားသည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အစုရှယ်ယာရှင်များအနက်မှ တစ်ဦးဖြစ်သူအား ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ (၈)ရက်၊ စနေနေ့တွင် ကျင်းပမည့် (၂၅)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကြီးတွင်ဖြစ်စေ၊ ထိုအစည်းအဝေးအား ရက်ရွှေ့ပြောင်းကျင်းပသည့် အစည်းအဝေးတွင်ဖြစ်စေ၊ ကျွန်ုပ်အတွက်လည်းကောင်း၊ ကျွန်ုပ်၏ကိုယ်စားလည်းကောင်း မဲပေးရန် ကျွန်ုပ်၏ကိုယ်စား ခန့်အပ်သူအဖြစ် ခန့်အပ်ပါသည်။

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ( )ရက်နေ့တွင် လက်မှတ်ရေးထိုးပါသည်။

**အစုရှယ်ယာရှင် ကိုယ်စားလှယ်များ**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ရွေးချယ်မှု |
|---|---|---|---|
| ၁။ | ဦးသန်းဝင်းရွှေ | (၁၂/ဗတထ(နိုင်) ၀၁၂၄၂၅) | ( ) |
| ၂။ | ဦးတင့်လွင် | (၁၂/ပဇတ(နိုင်) ၀၁၁၆၃၂) | ( ) |
| ၃။ | ဦးလှဝင်း | (၁၂/ဥကတ(နိုင်) ၀၆၃၅၀၆) | ( ) |
| ၄။ | ဒေါ်ဆွေဆွေမြင့် | (၁၂/သကတ(နိုင်) ၀၀၆၄၄၁) | ( ) |
| ၅။ | ဒေါ်မီမီကျော် | (၁၂/သဃက(နိုင်) ၀၆၃၅၅၈) | ( ) |
| ၆။ | ဦးဘသန်း | (၁၂/ကတန(နိုင်)၀၅၇၄၅၁) | ( ) |
| ၇။ | ဒေါ်ညိုညိုကြိုင် | (၁၂/ကတန(နိုင်) ၀၂၁၁၀၇) | ( ) |
| ၈။ | ဒေါ်ချိုချိုအေး | (၈/အမန(နိုင်) ၀၂၄၃၂၃) | ( ) |
| ၉။ | ဒေါ်ဆွေဆွေလှိုင် | (၉/အမရ(နိုင်) ၀၅၁၃၆၂) | ( ) |
| ၁၀။ | ဒေါ်သီတာ | (၉/မနတ(နိုင်)၀၈၈၆၉၄) | ( ) |
| ၁၁။ | ဦးဇော်ဝင်း | (၁၂/မဘတ(နိုင်) ၀၀၄၅၃၁) | ( ) |
| ၁၂။ | ဒေါ်စုဝင်းမြတ် | (၁၄/ဟသတ(နိုင်)၀၀၁၁၃၂) | ( ) |
| ၁၃။ | ဒေါ်အမာချို | (၅/မရန(နိုင်)၀၀၁၅၃၃) | ( ) |

-----------------------------

(ခန့်အပ်သူ)

(၁) ပိုင်ဆိုင်သည့် အစုရှယ်ယာအမှတ်စဉ်
( ) မှ ( )ထိ

(၂) ပိုင်ဆိုင်သည့် အစုရှယ်ယာပေါင်း ( )

မှတ်ချက်။ (၁) မိမိခန့်ထားလိုသည့် ကိုယ်စားလှယ်တစ်ဦး၏ အမည်စာရင်းတွင် ( ✓ )အမှတ်အသားကို ပြုလုပ်၍ ဘဏ်သို့ ပေးပါရန်။

(၂) လွှဲအပ်သူသည် ကုမ္ပဏီ (သို့မဟုတ်) အသင်းအဖွဲ့ဖြစ်ပါက ၎င်း၏ တံဆိပ်တုံးရိုက်နှိပ်၍ လက်မှတ်ရေးထိုးပါရန်။

(၃) ကိုယ်စားမဲပေးခွင့်ပြုသည့်စာကို ၃ -၇-၂၀၁၇ နေ့ (၁၆း၃၀)နာရီ နောက်ဆုံးထား၍ ဤဘဏ်သို့ အရောက်ပေးပို့ပါရန်။